**ပြည်ထောင်စုမြန်မာနိုင်ငံတော်**

**ပညာရေးဝန်ကြီးဌာန**

**(၁၉၅၂ ခုနှစ်၊ ကိုယ်ပိုင်ကျောင်းများမှတ်ပုံတင် နည်းဥပဒေများ)**

**အမိန့်ကြော်ငြာစာ အမှတ် ၉၇**

**၁၃၁၄ ခုနှစ်၊ ဝါခေါင်လဆုတ် ၈ ရက်။**

**(၁၉၅၂ ခု၊ ဩဂုတ်လ ၁၃ ရက်။)**

အမှတ် ၉၇။ ။ ၁၉၅၁ ခုနှစ်၊ ကိုယ်ပိုင်ကျောင်းများ မှတ်ပုံတင်အက်ဥပဒေ ပုဒ်မ ၁၇ ဖြင့်၊ အပ်နှင်းထားသည့် အာဏာများကို သုံးစွဲလျက် နိုင်ငံတော်သမတက၊ အောက်ပါနည်းဥပဒေများကို ပြုလိုက်သည်။

**၁၉၅၂ ခုနှစ်၊ ကိုယ်ပိုင်ကျောင်းများမှတ်ပုံတင် နည်းဥပဒေများ**

၁။ ။ ဤနည်းဥပဒေများကို၊ ၁၉၅၂ ခုနှစ်၊ ကိုယ်ပိုင်ကျောင်းများမှတ်ပုံတင်နည်းဥပဒေများဟု ခေါ်ရမည်။

၂။ ။ ဤနည်းဥပဒေများတွင်-

(က)"အက်ဥပဒေ" ဆိုသည်မှာ၊ ၁၉၅၁ ခုနှစ်၊ ကိုယ်ပိုင်ကျောင်းများမှတ်ပုံတင်အက်ဥပဒေ ကိုဆို လိုသည်။

(ခ) "မှတ်ပုံတင်အရာရှိ" ဆိုသည်မှာ၊ ၁၉၅၁ ခုနှစ်၊ ကိုယ်ပိုင်ကျောင်းများမှတ်ပုံတင် အက်ဥပဒေ ပုဒ်မ ၃ အရ၊ နိုင်ငံတော်သမတက ခန့်ထားသည့် "ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်အရာရှိ" ကိုဆိုလိုသည်။

(ဂ) "ကိုယ်ပိုင်ကျောင်း" ဆိုသည်မှာ၊ အစိုးရက၊ သို့တည်းမဟုတ် ဒေသန္တရအုပ်ချုပ်ရေး အဖွဲ့များက တည်ထောင်သော ကျောင်းမဟုတ်သည့် ကျောင်းကိုဆိုလိုသည်။ သို့ရာတွင် ထိုစကားရပ်တွင် ကိုးကွယ် သည့်ဘာသာရေး စာပေသက်သက် သင်ကြားသည့်ဘုန်းကြီးကျောင်းများနှင့် အခြားအလားတူ ကျောင်းများမပါဝင်ချေ။

(ဃ) "တည်ထောင်အုပ်ချုပ်သူ" ဆိုသည်မှာ ကျောင်းနှင့်ကျောင်း၏ လုပ်ငန်းဆိုင်ရာကိစ္စများကို ပင်ရင်းကြီးကြပ်အုပ်ချုပ်သူကိုဆိုလိုသည်။ သို့ရာတွင် အဆိုပါကိစ္စများကို ကြီးကြပ်သူကိုယ်စားလည်အား လွှဲအပ်ထားလျှင် အဆိုပါကိုယ်စားလည်သည် "တည်ထောင်အုပ်ချုပ်သူ" ဖြစ်သည်ဟူ၍ မှတ်ယူရမည်။

၃။ ။ ကိုယ်ပိုင်ကျောင်းတည်ထောင်အုပ်ချုပ်သူသည်၊ မိမိ၏ကျောင်းကိုမှတ်ပုံတင်ရန်အလို့ငှါ၊ ပူးတွဲပါ လျှောက်လွှာပုံစံ (က) တွင်ကျောင်းနှင့်စပ်လျဉ်း၍၊ လိုအပ်သည့်အကြောင်းအရာများကို ပြည့်စုံအောင် ထည့်သွင်းပြီးလျှင် မှတ်ပုံတင်အရာရှိထံ လျှောက်ထားရမည်။

၄။ ။ တည်ထောင်အုပ်ချုပ်သူသည်၊ ဘက်စပ်လုပ်ငန်း၊ သို့တည်းမဟုတ် သီးခြားပုဂ္ဂိုလ်များပါဝင်သည့် အဖွဲ့ဖြစ်လျှင်၊ ထိုဘက်စပ်လုပ်ငန်းတွင်၊ ဘက်စပ်ပါဝင်သူအသီးသီး၏၊ သို့တည်းမဟုတ် ထိုအဖွဲ့တွင် ပါဝင်သူအသီးသီး၏ အမည်နှင့်အလုပ်အကိုင်ကိုသော်၎င်း၊ အများပိုင်ကုမ္ပဏီဖြစ်လျှင် ထိုကုမ္ပဏီ၏ ဒါရိုက်တာလူကြီးအသီးသီး၏အမည်နှင့် အလုပ်အကိုင်ကိုသော်၎င်း၊ အနည်းပိုင်ကုမ္ပဏီဖြစ်လျှင် ထိုကုမ္ပဏီတွင် အစုပါဝင်သူအသီးသီး၏ အမည်နှင့်အလုပ်အကိုင်ကိုသော်၎င်း၊ ဖော်ပြသည့်အစီရင်ခံစာကို မှတ်ပုံတင်အရာရှိထံတင်သွင်းရမည်။ ထိုသူတို့တွင်

အခါအားလျော်စွာ ပြောင်းလဲခြင်းများရှိပါက၊ ထိုပြောင်းလဲခြင်းများကို မှတ်ပုံတင်အရာရှိထံသို့ ဆောလျင်စွာအကြောင်းကြားရမည်။

၅။ ။ မှတ်ပုံတင်ရန်အတွက် လျှောက်လွှာရရှိသောအခါ၊ မှတ်ပုံတင်အရာရှိသည်၊ သို့တည်းမဟုတ် ထိုအရာရှိက၊ အာဏာလွှဲအပ်ခြင်းခံရသည့်အရာရှိသည်၊ ကျောင်းအဆောက်အအုံနှင့် ပတ်ဝန်းကျင်၏ ကျန်းမာရေး၊ ကျောင်းဖွင့်လှစ်ထားသည့် အဆောက်အအုံ၊ ကျောင်းသုံးပစ္စည်းပရိဘောဂများ၏ အခြေ အနေ၊ သင်ကြားပြသသည့်ပညာရပ်များ၊ တည်ထောင်အုပ်ချုပ်သူနှင့် ဆရာများ၏အရည်အချင်းကို စစ်ဆေးကြည့်ရှု၍၊ လျှောက်လွှာပုံစံတွင် ဖော်ပြထားသော အကြောင်းအရာများနှင့် တတ်နိုင်သမျှတိုက် ဆိုင်စစ်ဆေးပြီးလျှင်၊ အကယ်၍လိုအပ်ပါက၊ ကိုယ်ပိုင်ကျောင်းတွင်ထားရှိသည့် မှတ်ပုံစာအုပ်ကိုပါ စစ်ဆေးကြည့်ရှုရမည်။

၆။ ။ ကျောင်းသင်ရိုးသင်တမ်းများနှင့် သင်္ချာစာများပြောင်းလဲခြင်း၊ သို့တည်းမဟုတ် ဖြည့်စွက်ခြင်း၊ သို့တည်းမဟုတ် ပယ်ဖျက်ခြင်း ပြုလိုပါက၊ ထိုသို့မပြုမီ၊ မှတ်ပုံတင်အရာရှိထံသို့ ကြိုတင်၍အကြောင်း ကြားပြီး ၎င်း၏သဘောတူညီချက်ကိုရယူရမည်။

၇။ ။ ကျောင်းတည်ရာဌာန၊ ခန့်အပ်ထားသောဆရာများ၊ အသုံးပြုသည့်ကျောင်းသုံးဘတ်စာများ၊ ကျောင်းလခနှင့်အခြားအခများ၊ သင်ကြားပို့ချသည့် အချိန်များပြောင်းလဲလိုလျှင်၊ ထိုသို့ပြောင်းလဲ ခြင်းများသည်၊ လျှောက်လွှာပုံစံတွင်၊ ပဌမမူလကဖော်ပြထားသည့် အချက်အလက်များနှင့် မကိုက်ညီ ပါက၊ ဆောလျှင်စွာ မှတ်ပုံတင်အရာရှိထံသို့ အကြောင်းကြား၍ ၎င်း၏သဘောတူညီချက်ကို ကြိုတင် ရယူရမည်။

၈။ ။ ကိုယ်ပိုင်ကျောင်းသည်၊ လေးလတကြိမ်ကျ ကျောင်းတက်နေသူ ဦးရေစာရင်းနှင့် အတန်းအသီးသီး တို့တွင်၊ ခန့်ထားသောဆရာများစာရင်းအပြင်၊ ထိုကာလအပိုင်းအခြားအတွက် ကျောင်းနှင့် စပ်လျဉ်းသည့်လုပ်ငန်းဆိုင်ရာ အကျဉ်းချုပ်အစီရင်ခံစာကို မှတ်ပုံတင်အရာရှိထံသို့ပေးပို့ရမည်။

၉။ ။ ကိုယ်ပိုင်ကျောင်းသည်၊ ပညာရေးဌာနခွဲသို့ပူးတွဲပါပုံစံ (ခ) ဖြင့်၊ နှစ်ချုပ်စာရင်းကို ပေးပို့ရမည်။

၁၀။ ။ တည်ထောင်အုပ်ချုပ်သူသည်၊ မိမိ၏ကျောင်းကိုဖျက်သိမ်းရန် ရည်ရွယ်လျှင် မဖျက်သိမ်းမီ ၁၄ ရက်ကြိုတင်၍ မှတ်ပုံတင်အရာရှိထံသို့ အကြောင်းကြားရမည်။မည်သို့ပင်ဖြစ်စေ၊ ကျောင်းဖျက်သိမ်း သည့်နေ့ရက်မှ ရက်သတ္တတပတ်ထက် နောက်မကျစေဘဲ၊ ကျောင်းဖျက်သိမ်းကြောင်းကို အကြောင်း ကြားရမည်။

အမိန့်အရ၊

ဘကျော်၊

အတွင်းဝန်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊

ပညာရေးဝန်ကြီးဌာန။

**----- Attachment -----**

[ ပူးတွဲဖော်ပြသော စာရင်း 1 ] 01 ပုံစံ (က)။ကိုယ်ပိုင်ကျောင်းများမှတ်ပုံတင်ရန်လျှောက်လွှာ။

Myanmar Law Information System (MLIS)

[ ပူးတွဲဖော်ပြသော စာရင်း 2 ] 02 ပုံစံ (ခ)။ ၁၉    ခုနှစ်အတွက်၊ အတိအကျကုန်ကျသည့် စရိတ်ငွေများကို ဖေါ်ပြသည့်ဇယား။

Myanmar Law Information System (MLIS)